၁၁။ သံလွင်အေး စက်မှု ကုမ္ပဏီ လီမိတက် (Than Lwin Aye Industry Co., Ltd.)သည် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာ၌ ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှု၊ မီးဘေးအန္တရာယ်စသည်များ၊ မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်း ကာကွယ်ရေးအစီအမံများကို ဝန်ခံကတိပြုထားသည့်အတိုင်း စံနစ်တကျထားရှိဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ထားရှိမှု အခြေအနေကို ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံရမည်။ ပတ်ဝန်းကျင် အနှံဆိုးများ ဖြစ်ပေါ်စေပြီး၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်ပါက စက်ရုံကိုပိတ်သည်အထိ အရေးယူခြင်းခံရမည်။

၁၂။ သံလွင်အေး စက်မှု ကုမ္ပဏီ လီမိတက် (Than Lwin Aye Industry Co., Ltd.)သည် ပူးတွဲပါ ကနဦးလုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့်ရရှိပြီး (သုံး)လအတွင်း ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံရမည်။

၁၃။ အဆိုပြု လုပ်ငန်းစတင်ဆောင်ရွက်သည့် နေ့ရက်ကို ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံရမည်။

၁၄။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့် နေ့မှစ၍ တစ်နှစ်အတွင်း အဆိုပြုလုပ်ငန်း စတင် ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၅။ သံလွင်အေး စက်မှု ကုမ္ပဏီ လီမိတက် (Than Lwin Aye Industry Co., Ltd.)သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ချမှတ်ထားသော တည်ဆဲ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်း မရှိကြောင်း စစ်ဆေးတွေ့ရှိပါက ဤခွင့်ပြုမိန့်ကို ပြန်လည် ရုပ်သိမ်းသည်အထိ အရေးယူခြင်းခံရမည်။

ကျော်အောင်

(ဦးသောင်း)
ဥက္ကဋ္ဌ

စာအမှတ်၊ ရက-၁/မ-၇၁၇/၂၀၀၁ (၂၆၈၄-၁)
ရက်စွဲ၊ ၂၀၀၁ ခုနှစ်၊ ဇူလိုင်လ ၅ ရက်။

ဖြန့်ဝေခြင်း-
၁။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌရုံး။
၂။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ရုံး။
၃။ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံး။
၄။ အစိုးရအဖွဲ့ရုံး။
၅။ စစ်မဟာဗျူဟာ လေ့လာရေးရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန။
၆။ အမျိုးသား စီမံကိန်း နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန။
၇။ အလုပ်သမား ဝန်ကြီးဌာန။
၈။ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။
၉။ ဆက်သွယ်ရေး၊ စာတိုက် နှင့် ကြေးနန်း ဝန်ကြီးဌာန။
၁၀။ ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန။
၁၁။ လူဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန။
၁၂။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန။
၁၃။ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန။
၁၄။ ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည်ငွေရင်းတန်ဖိုး သတ်မှတ်ရေး အဖွဲ့ငယ်။
၁၅။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်။
၁၆။ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန။
၁၇။ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန။
၁၈။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန။
၁၉။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်း။
၂၀။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန။
၂၁။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်း အခွန်များ ဦးစီးဌာန။
၂၂။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အာမခံ လုပ်ငန်း။
၂၃။ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန။

၂၄။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ လျှပ်စစ်ဓါတ်အား လုပ်ငန်း။
၂၅။ ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်း ဦးစီးဌာန။
၂၆။ ဥက္ကဋ္ဌ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်။
၂၇။ အုပ်ချုပ်မှု ဒါရိုက်တာ၊ သံလွင်အေး စက်မှု ကုမ္ပဏီ လီမိတက် (Than Lwin Aye Industry Co., Ltd.)။

အကြောင်းအရာ။ ။သံလွင်အေး စက်မှုကုမ္ပဏီလီမိတက်မှ အအေးခန်း နှင့်သိုလှောင်ရုံတည်ဆောက်၍ သန့်ရှင်းလတ်ဆတ် သောငါး၊ ပုဇွန်များပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်း ကိစ္စ။

၁။ မြန်မာ့ကုမ္ပဏီဖြစ်သော သံလွင်အေး စက်မှုကုမ္ပဏီလီမိတက် (Than Lwin Aye Industry Co., Ltd. –)သည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ အအေးခန်းစက်ရုံအဖြစ်အသုံးပြုရန် အုပ်ချုပ်မှုဒါရိုက်တာဦးကျော်ကျော်အမည်ဖြင့် လန (၃၉) ခွင့်ပြုမိန့် ရရှိထားသော မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အစင်ကျေးရွာ၊ မြေကွက်အမှတ် (၁၁၅၇) ၌ မြေ (၀.၃၉) ဧက (၁၅၇၀.၂၇ စတုရန်းမီတာ) ၌ မြေပေါ်တွင် အအေးခန်း သိုလှောင်ရုံတည် ဆောက်၍ သန့်ရှင်းလတ်ဆတ်သော ငါး၊ ပုဇွန်များ ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းကိုမြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန်အဆိုပြုတင်ပြချက်အား (၂၆ – ၄ – ၂၀၀၁) နေ့တွင်ကျင်းပ ပြုလုပ်သည့်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၂/ ၂၀၀၁) ကြိမ်မြောက်အစည်းအဝေးသို့တင်ပြခဲ့ပါသည်။

၂။ ကော်မရှင်မှ မူအားဖြင့်သဘောတူညီခဲ့ပြီး (၃၀ – ၅ – ၂၀၀၁) နေ့တွင်ကျင်းပ သောကုန်သွယ်မှုမူဝါဒကောင်စီ၏ (၄/ ၂၀၀၁) ကြိမ်မြောက်အစည်းအဝေးသို့ဆက်လက်တင်ပြခဲ့ပါသည်။ အဆိုပါအစည်းအဝေးမှ သဘောတူညီချက်အရ အစိုးရအဖွဲ့သို့ဆက်လက်တင်ပြရန်ဆုံးဖြတ်ချက်နှင့်အညီ (၂၁ – ၆ – ၂၀၀၁) နေ့တွင် ကျင်းပပြုလုပ်သည့်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ (၂၄/ ၂၀၀၁) ကြိမ်မြောက်အစည်းအဝေးသို့ဆက်လက်တင်ပြခဲ့ရာ ယင်းအစည်းအဝေးမှ သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအခန်း (၅) ပုဒ်မ ၁၀ နှင့် ယင်းဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း (၄) အပိုဒ် (၁၂) တို့နှင့်အညီ သံလွင်အေး စက်မှုကုမ္ပဏီလီမိတက် (Than Lwin Aye Industry Co., Ltd.) သို့ထုတ်ပေးမည့် ခွင့်ပြုမိန့်နှင့်အမိန့်ကြော်ငြာစာ ၁ စောင် လက်မှတ်ရေးထိုးနိုင်ပါရန် ပြုစုတင်ပြအပ်ပါသည်။

၂ - ၇ - ၂၀၀၁။

ဥက္ကဋ္ဌ ။

အထွေထွေအရပ်ပုံစံ – ၁၆

([illegible])

[illegible]

Proposal [illegible] date [illegible] Cabinet [illegible]

DSSH

ပြည်ထောင်စု မြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ်၊ ရက−၁/မ−၁၂၄၉/၂၀၀၁ (၁၂၇၄)။
ရက်စွဲ၊ ၂၀၀၁ ခုနှစ်၊ ဇွန်လ ၁ ၄ ရက်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့သို့ တင်ပြသည့် အမှာစာ

အကြောင်းအရာ။ သံလွင်အေး စက်မှု ကုမ္ပဏီ လီမိတက် မှ အအေးခန်းနှင့် သိုလှောင်ရုံတည်ဆောက်၍ သန့်ရှင်းလတ်ဆတ်သော ငါး၊ပုစွန်များ ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်း ကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော သံလွင်အေး စက်မှု ကုမ္ပဏီ လီမိတက် (Than Lwin Aye Industry Co., Ltd.) မှ အအေးခန်းနှင့် သိုလှောင်ရုံတည်ဆောက်၍ သန့်ရှင်းလတ်ဆတ်သော ငါး၊ပုစွန်များ ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်း ကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် အဆိုပြု တင်ပြလာပါသည်။ ယင်းအဆိုပြုချက်ကို (၂၆−၄−၂၀၀၁)နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၂/၂၀၀၁) အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ယင်းအစည်းအဝေးမှ လုပ်ငန်း ဆောင်ရွက်ရန် မူအားဖြင့် သဘောတူပြီး၊ ကုန်သွယ်မှု မူဝါဒကောင်စီသို့ ဆက်လက် တင်ပြရန် ဆုံးဖြတ်ခဲ့ပါသည်။ ယင်းဆုံးဖြတ်ချက်အရ (၃၀−၅−၂၀၀၁) နေ့တွင် ကျင်းပပြုလုပ် ခဲ့သည့် ကုန်သွယ်မှု မူဝါဒ ကောင်စီ၏ (၄/၂၀၀၁) အစည်းအဝေးသို့ တင်ပြခဲ့ရာ မူအားဖြင့် သဘောတူပြီး ငါး၊ ပုစွန် ပြုပြင် ထုတ်လုပ်ရေး၌ ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် အနံ့ဆိုးများ မဖြစ်ပေါ်စေရန် ဆောင်ရွက်ထားရှိရန်နှင့် အစိုးရအဖွဲ့သို့ ဆက်လက် တင်ပြရန်ဆုံးဖြတ်ချက်အရ တင်ပြခြင်း ဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ ရှေ့ဆိုင်းငွေပေး ချေခြင်းစနစ် သဘောတူစာချုပ် (မူကြမ်း)ကို နောက်ဆက်တွဲ(၁) အဖြစ် ပေးပို့ထားပါသည်။

၂။ ယင်းလုပ်ငန်း၏ မတည်ငွေရင်း ပမာဏမှာ အမေရိကန်ဒေါ်လာ(၀.၄၅)သန်းအပါအဝင် စုစုပေါင်း ကျပ် (၃၆.၇၀)သန်း ဖြစ်ပါသည်။ စက်ပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Hongfeng Frontier Trade General Co., (Ruili & Thie Department) မှ ရှေ့ဆိုင်းငွေပေးချေခြင်း စနစ်အရ ဝယ်ယူမည် ဖြစ်ပြီး တစ်နှစ်လျှင် အတိုးနှုန်း(၃)ရာခိုင်နှုန်းဖြင့် (၅)နှစ်အတွင်း ပြန်လည် ပေးဆပ်မည် ဖြစ်ပါသည်။

၃။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်ကျော်အမည်ဖြင့် အအေးခန်းစက်ရုံအဖြစ် အသုံးပြုရန် ချပေးထားသော လန(၃၉)ရရှိထားသည့် မြေကွက်အမှတ် (၁၁၅၇)၊အစင်ကျေးရွာ၊ ရေးမြို့နယ်ရှိ မြေ (၀.၃၉)ဧက (၁၅၇၈.၂၇ စတုရန်းမီတာ) တွင် စက်ရုံတည်ဆောက်ပြီး လုပ်ငန်း ဆောင်ရွက်မည် ဖြစ်ပါသည်။

၄။ ယင်းလုပ်ငန်းမှ အအေးခန်းနှင့် သိုလှောင်ရုံတည်ဆောက်၍ သန့်ရှင်းလတ်ဆတ်သော ငါးပုစွန်များ ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်း ကို လုပ်ကိုင်မည် ဖြစ်ပြီး ပြည်ပသို့ (၁၀၀)ရာခိုင်နှုန်း ရောင်းချမည် ဖြစ်ပါသည်။ ပုံမှန်နှစ်ရှိ ထုတ်လုပ်မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	ထုတ်လုပ်မှု (မက်ထရစ်တန်)
၁။	White Pomfret Fish	MT	၉
၂။	Ribbon Fish	MT	၉၀၀
၃။	Croaker Fish	MT	၉၀

၅။ ယင်းလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ဝင်ငွေခွန် အမေရိကန်ဒေါ်လာ ၀.၁၃ သန်း

(ခ) ကုန်သွယ်လုပ်ငန်းခွန် အမေရိကန်ဒေါ်လာ ၀.၁၁ သန်း

၆။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ဝန်ထမ်း (၁၂၀)ဦးနှင့် ပြည်ပမှ ဝန်ထမ်း (၂)ဦး ခန့်ထား ဆောင်ရွက်မည် ဖြစ်ပါသည်။

၇။ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီး ဌာနမှ အဆိုပြု အအေးခန်းစက်ရုံသည် ရေဆိုးပြန်လည် သန့်စင်စက်(Waste Water Treatment Plant)တပ်ဆင်အသုံးပြုမည်ဟုဖော်ပြထားသဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးမူနှင့် ကိုက်ညီမှု ရှိပါကြောင်း၊ ပြည်ပတင်ပို့မှုအပေါ် ငါးလုပ်ငန်းဦးစီးဌာန၏ အရည်အသွေး ဆိုင်ရာ စစ်ဆေးမှုများ ခံယူရန်လိုအပ်ကြောင်း၊ ငါးဝယ်ယူခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ တည်ဆဲ ငါးလုပ်ငန်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများ နှင့်အညီ လိုက်နာ ဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် ဖောက်ဖျက်ပါက အရေးယူဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ တည်ဆောက်မည့် စက်ရုံ မြေနေရာသည် နိုင်ငံတော်မှ ခွင့်ပြုနိုင်မည့်မြေနေရာ ဖြစ်ရန် လိုကြောင်း၊ ကန့်ကွက်ရန်မရှိပါကြောင်း နှင့် ခွင့်ပြုစေသင့်ပါကြောင်း အကြောင်းပြန်ကြားလာပါသည်။ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ လုပ်ငန်း လုပ်ခွင့်ပြု သင့်ကြောင်း ထောက်ခံစာကို အဆိုပြုလွှာနှင့်အတူ ပူးတွဲတင်ပြထား ပါသည်။

၈။ ယင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ပိုင်ဆိုင်မှု၊ ပတ်ဝန်းကျင် ထိန်းသိမ်းမှု၊ ဈေးငွေရယူမှုတို့အတွက် ဝန်ခံကတိများ ပြုထားပါသည်။

၉။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားရေးလုပ်ငန်း စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပေးရမည် ဖြစ်ပါသည်။

ဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များအနက် လုပ်ငန်းနှင့် သက်ဆိုင်သည့် အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် ကော်မရှင်မှ ညှိနှိုင်း ဆုံးဖြတ်ခဲ့ ပါသည်။

၁၀။ <u>ဆုံးဖြတ်ရန်အချက်။</u>

(က) သံလွင်အေး စက်မှု ကုမ္ပဏီ လီမိတက် မှ အအေးခန်းနှင့် သိုလှောင်ရုံတည်ဆောက်၍ သန့်ရှင်းလတ်ဆတ်သော ငါး၊ပုစွန်များ ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်းကို ခွင့်ပြုရန် သဘောတူ-မတူ။

(ခ) လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် သဘောတူပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ-မတူ။

၁၁။ <u>မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ ထောက်ခံချက်။</u>
အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကို နာခံအပ်ပါသည်။

(ဦးသောင်း)
ဥက္ကဋ္ဌ
ဝန်ကြီး၊ သိပ္ပံ နှင့် နည်းပညာ ဝန်ကြီးဌာန။

<u>ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့။</u>

PROPOSAL FORM (1) RE-ITEM 10 (B), 12 (A) (B) (C)
PARTICULAR RELATING TO ECONOMIC JUSTIFICATI

PROFIT AND LOSS BUDGET IN THOUSAND (000)

Sr. No		Particular	Year 1			Year 2			Year 3		
			US$	Kyats	Equ-Ks	US$	Kyats	Equ-Ks	US$	Kyats	Equ-Ks
1		**SALE INCOMES**									
		US$ Sale	751.5		4509	801.5		4809	851.4		5108.4
		Kyat Sale		-	-		-	-		-	-
		Sub-Total	**751.5**		**4509**	**801.5**		**4809**	**851.4**		**5108.4**
2		**COST OF PRODUCTS**									
	1	Raw Materials in Kyats		143100	143100		156750	156750		170400	170400
	2	Raw Materials in US$		-	-		-	-		-	-
	3	Production Overhead Cost	-	5000	5000	-	5025	5025	-	5050	5050
		Sub-Total		**148100**	**148100**		**161775**	**161775**		**175450**	**175450**
		Gross-Profit/(Loss)	**751.5**	**-148100**	**-143591**	**801.5**	**-161775**	**-156966**	**851.4**	**-175450**	**-170342**
3		**EXPENDITURES**									
		Salary & Wages	-	9000	9000	-	9100	9100	-	9200	9200
		Electiricity & Power	18	3500	3608	18	3500	3608	18	3550	3658
		Selling Expenses	-	2900	2900	-	3100	3100	-	3200	3200
		Administration Expense	-	4500	4500	-	4650	4650	-	4700	4700
		Other Expense	9	2500	2554	10	2700	2760	11	2850	2916
		Interest on DPPV	13.5	-	81	10.8	-	64.8	8.1	-	48.6
		Commerical Tax	75.15	-	450.9	80.15	-	480.9	85.14		510.84
		Depreciation	45	1900	2170	45	1900	2170	45	1900	2170
		Sub-Total	**160.65**	**24300**	**25264**	**163.95**	**24950**	**25933.7**	**167.24**	**25400**	**26403**
		Net Profit/ (Loss)	**590.85**	**-172400**	**-168855**	**637.55**	**-186725**	**-182899.7**	**684.16**	**-200850**	**-196745**
		Income Tax									
		Net Profit/(Loss) After Tax	**590.85**	**-172400**	**-168855**	**637.55**	**-186725**	**-182899.7**	**684.16**	**-200850**	**-196745**

Note : (1) Exchange Rate 1 US$ = 6 Kyats
(2) Commercial Tax is calculated at 10% for US$ Sale Income
(3) Income Tax is calculated at 15% for US$ Net Profit Before Tax
(4) DPPV = Deferred Payment Purchase Value

PROPOSAL FORM (1) Re - Item 4(A), 5(C)

LIST OF EXECUTIVES OF THAN LWIN AYE INDUSTRY COMPANY LIMITED

Schedule No.1

Sr. No	Name	Citizenship and N.R.C No. Passport No.	Designation	Address	Amount of Capital	%
		သံလွင်အေးစက်မှုကုမ္ပဏီလီမိတက်ကို ကိုယ်စားပြုသူများ			**34 သန်း**	100%
၁။	ဦးကျော်ကျော် (ခ) တွမ်ကျင်ချန်း	၉/မနမ (နိုင်) ၀၇၇၉၄၆	အုပ်ချုပ်မှုဒါရိုက်တာ	အမှတ် ၂၁၇/ ၂၁၉၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။		
၂။	ဒေါ်လီလီ (ခ) လီကွေ့လန်	၉/မနမ (နိုင်) ၀၇၇၉၅၅	ဒါရိုက်တာ	အမှတ်၁၃၃/၈၁လမ်း၊(၁၆လမ်းနှင့်၁၇လမ်းကြား) အောင်မြေသာဇံမြို့နယ်၊ မန္တလေးတိုင်း။		
၃။	ဦးအောင်ဇော်ဦး	၁၃/လရန(နိုင်)၀၀၃၉၁၆	ဒါရိုက်တာ	အမှတ်(၁၉၉)၊ တောင်ထိပ်ပန်းလမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။		
၄။	ဒေါ်ဖွန်ကျိန်း	၁၃/ လရန(နိုင်)၀၃၀၈၀၇	ဒါရိုက်တာ	အမှတ်(၇)၊ခပေါင်းလမ်း၊လှိုင်မြို့နယ်၊ရန်ကုန်မြို့။		
၅။	ဒေါ်လန်ကျိန်း	၁၃/ လရန(နိုင်)၀၀၅၅၄၉	ဒါရိုက်တာ	အမှတ်(၇)၊ခပေါင်းလမ်း၊လှိုင်မြို့နယ်၊ရန်ကုန်မြို့။		
၆။	ဒေါ်ချောကေသီဦး	၁၀/ ပမန(နိုင်)၀၈၇၂၀၄	ဒါရိုက်တာ	အမှတ်(၇၈၇)၊ အောက်လမ်းမကြီး၊ မောင်ငံရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။		

နောက်ဆက်တွဲ(၁)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း
မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်
ရင်းနှီးမြှုပ်နှံလိုသူ၏ ဆောင်ရွက်ရန် အဆိုပြုချက်

သံလွင်အေးစက်မှုကုမ္ပဏီလီမိတက်

。。。。。。。。。。。。。。。

PROPOSAL OF THE INVESTOR TO MAKE
MYANMAR CITIZENS INVESTMENT IN THE
UNION OF MYANMAR.

THAN LWIN AYE INDUSTRY COMPANY LIMITED.

THAN LWIN AYE INDUSTRY COMPANY LIMITED

**No. 324, Thanthumar Road, Thuwunna, Thingangyun Township,
Yangon, Myanmar. Tel : 724319**

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

ရက်စွဲ။ ၂၀၀၁ ခုနှစ်၊ ဇွန်လ (၇) ရက်။

အကြောင်းအရာ။ ။ <u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြနိုင်ရန် အဆိုပြုချက်များ ပေးပို့ခြင်း။</u>

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်တို့ "သံလွင်အေးစက်မှု ကုမ္ပဏီလီမိတက်" **(THAN LWIN AYE INDUSTRY CO., LTD.)** သည် မွန်ပြည်နယ် ရေးမြို့နယ်၊ အစင်ကျေးရွာ၊ မြေကွက်အမှတ်(၁၁၅၇)ရှိ မြေနေရာပေါ်တွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ သန့်ရှင်းလတ်ဆတ်သော ငါးပုစွန်ပြုပြင်ထုတ်လုပ်၍ ပြည်ပ ဈေးကွက်များသို့ တင်ပို့ရန်အတွက် နိုင်ငံတကာအဆင့်မှီ အအေးခန်းသိုလှောင်ရုံ **(Cold Storage)** စက်ရုံတည်ထောင် ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ခွင့်ပြုမိန့်လျှောက်ထားသော ကုမ္ပဏီဖြစ်ပါသည်။

ကုမ္ပဏီ၏ အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြနိုင်ရန်အတွက် ကျွန်တော်တို့ကုမ္ပဏီ၏ အဆိုပြုလွှာ (၂၂) စုံကို ပေးပို့တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

Kyaw Kyaw (a) Tyon Kyin Chan
Managing Director
THAN LWIN AYE INDUSTRY CO., LTD.

THAN LWIN AYE INDUSTRY COMPANY LIMITED

No. 324, Thanthumar Road, Thuwunna, Thingangyun Township,
Yangon, Myanmar. Tel : 724319

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

ရက်စွဲ။ ၂၀၀၁ ခုနှစ်၊ မေလ (၃၀) ရက်။

အကြောင်းအရာ။ ။ <u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြနိုင်ရန် အဆိုပြုချက်များ ပေးပို့ခြင်း။</u>

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်တို့ "သံလွင်အေးစက်မှု ကုမ္ပဏီလီမိတက်" **(THAN LWIN AYE INDUSTRY CO., LTD.)** သည် မွန်ပြည်နယ် ရေးမြို့နယ်၊ အစင်ကျေးရွာ၊ မြေကွက်အမှတ်(၁၁၅၇)ရှိ မြေနေရာပေါ်တွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ သန့်ရှင်းလတ်ဆတ်သော ငါးပုစွန်ပြုပြင်ထုတ်လုပ်၍ ပြည်ပ ဈေးကွက်များသို့ တင်ပို့ရန်အတွက် နိုင်ငံတကာအဆင့်မှီ အအေးခန်းသိုလှောင်ရုံ **(Cold Storage)** စက်ရုံတည်ထောင် ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ခွင့်ပြုမိန့်လျှောက်ထားသော ကုမ္ပဏီဖြစ်ပါသည်။

ကုမ္ပဏီ၏ အဆိုပြုချက်ကို အထက်အဖွဲ့အစည်းသို့ ဆက်လက်တင်ပြနိုင်ရန်အတွက် ကျွန်တော်တို့ကုမ္ပဏီ၏ အဆိုပြုလွှာ (၁၈) စုံကိုပေးပို့တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

Kyaw Kyaw (a) Tyon Kyin Chan
Managing Director
THAN LWIN AYE INDUSTRY CO., LTD.

THAN LWIN AYE INDUSTRY COMPANY LIMITED

No. 324, Thanthumar Road, Thuwunna, Thingangyun Township,
Yangon, Myanmar. Tel : 724319

သို့

ဥက္ကဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

ရက်စွဲ။ ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီ လ (၂၆)ရက်။

အကြောင်းအရာ ။ ။မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြနိုင်ရန်အဆိုပြုချက်များပေးပို့ခြင်း။

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ကျွန်တော်တို့ သံလွင်အေးစက်မှုကုမ္ပဏီလီမိတက် **(THAN LWIN AYE INDUSTRY CO., LTD.)**သည်မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အစင်ကျေးရွာ၊မြေကွက်အမှတ်(၁၁၅၇)ရှိမြေနေရာပေါ်တွင်မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရသန့်ရှင်းလတ်ဆတ်သောငါးပုစွန်များပြုပြင်ထုတ်လုပ်၍ပြည်ပဈေးကွက်များသို့တင်ပို့ရန်အတွက် နိုင်ငံတကာအဆင့်မီအအေးခန်းသိုလှောင်ရုံ **(Cold Storage)**စက်ရုံတည်ထောင်ဆောင်ရွက်ခွင့်ပြုပါရန်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ခွင့်ပြုမိန့်လျှောက်ထားသောကုမ္ပဏီဖြစ်ပါသည်။

သို့ဖြစ်ပါ၍မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးသို့ တင်ပြနိုင်ရန်အတွက် ကျွန်တော်တို့ကုမ္ပဏီ၏အဆိုပြုလွှာ (၁၂)စုံကိုပေးပို့တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

Kyaw Kyaw (a) Tyon Kyin Chan
Managing Director
THAN LWIN AYE INDUSTRY CO., LTD.

THAN LWIN AYE INDUSTRY COMPANY LIMITED

No. 324, Thanthumar Road, Thuwunna, Thingangyun Township,
Yangon, Myanmar. Tel : 724319

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

ရက်စွဲ။ ၂၀၀၁ ခုနှစ်ဖေဖော်ဝါရီလ (၄) ရက်။

အကြောင်းအရာ။ ။ <u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြနိုင်ရန် အဆိုပြုချက်များ ပေးပို့ခြင်း။</u>

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်တို့ "သံလွင်အေးစက်မှု ကုမ္ပဏီလီမိတက်" **(THAN LWIN AYE INDUSTRY CO., LTD.)** သည် မွန်ပြည်နယ် ရေးမြို့နယ်၊ အစင်ကျေးရွာ၊ မြေကွက်အမှတ်(၁၁၅၇)ရှိ မြေနေရာပေါ်တွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ သန့်ရှင်းလတ်ဆတ်သော ငါးပုစွန်ပြုပြင်ထုတ်လုပ်၍ ပြည်ပ ဈေးကွက်များသို့ တင်ပို့ရန်အတွက် နိုင်ငံတကာအဆင့်မှီ အအေးခန်းသိုလှောင်ရုံ **(Cold Storage)** စက်ရုံတည်ထောင် ဆောင် ရွက်ခွင့်ပြုပါရန် အဆိုပြုလွှာ (၆) စုံကို ဤစာနှင့်အတူ ပူးတွဲတင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

အုပ်ချုပ်မှုဒါရိုက်တာ
သံလွင်အေးစက်မှုကုမ္ပဏီလီမိတက်
Kyaw Kyaw (a) Tyon Kyin Chan
Managing Director
THAN LWIN AYE INDUSTRY CO., LTD.

THAN LWIN AYE INDUSTRY COMPANY LIMITED

No. 324, Thanthumar Road, Thuwunna, Thingangyun Township,
Yangon, Myanmar. Tel : 724319

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

ရက်စွဲ၊ ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီ လ (၆) ရက်။

အကြောင်းအရာ ။ ။ သံလွင်အေးစက်မှုကုမ္ပဏီလီမိတက်မှ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ကတိဝန်ခံချက်များ။

"သံလွင်အေးစက်မှုကုမ္ပဏီလီမိတက်" (**THAN LWIN AYE INDUSTRY CO., LTD.**) သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ လုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုမိန့်ရရှိရန် လျှောက်ထားသော ကုမ္ပဏီဖြစ်ပါသည်။

၎င်းလုပ်ငန်းခွင့်ပြုမိန့်လျှောက်ထားရာတွင် လုပ်ငန်းဆောင်ရွက်ခွင့်ရရှိပါက အောက်ပါ အချက်များကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

(က) သံလွင်အေးစက်မှုကုမ္ပဏီလီမိတက်အား မြန်မာနိုင်ငံသားများသာ ပိုင်ဆိုင်သော လုပ်ငန်းဖြစ်ပြီး နိုင်ငံခြားမှအစုရှယ်ယာ ပါဝင်ပိုင်ဆိုင်ခြင်းမရှိပါကြောင်း ကတိပြု အပ်ပါသည်။

(ခ) စက်ကရိယာနှင့် စက်အရန်ပစ္စည်းများကို ရွှေ့ဆိုင်းငွေပေးချေစနစ် (**Deferred Payment System**) ဖြင့်ဝယ်ယူ၍ ပြည်ပသို့တင်ပို့ခြင်းမှရရှိသော နိုင်ငံခြားငွေ (သို့မဟုတ်) အေးခဲပြုပြင်ပြီး ငါးပုစွန်များဖြင့် ပြန်လည်ပေးဆပ်မည်ဖြစ်ပါသည်။

(ဂ) စက်ကရိယာနှင့် ကုန်ပစ္စည်း၊ အရန်စက်ပစ္စည်းများ ဝယ်ယူရာတွင် ထိုရွှေ့ဆိုင်းငွေပေး ချေစနစ် (**Deferred Payment System**) သည်နိုင်ငံတော်နှင့် သက်ဆိုင်မှုမရှိပါကြောင်း ကုမ္ပဏီ၏ တာဝန်သာဖြစ်ပါကြောင်း ကတိပြု အပ်ပါသည်။

(ဃ) မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ နိုင်ငံတော်မှပြဌာန်းသတ်မှတ်သည့် စည်းကမ်းများကို လိုက်နာမည် ဖြစ်ကြောင်း ကတိပြုဝန်ခံအပ်ပါသည်။

(င) သံလွင်အေးစက်မှုကုမ္ပဏီလီမိတက် (**THAN LWIN AYE INDUSTRY CO., LTD.**) သည် လုပ်ငန်းသစ်တစ်ခုဖြစ်ပါကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

(စ) ပြည်ပသို့တင်ပို့ရောင်းချရန် ဈေးကွက်ရရှိပြီးဖြစ်သော လုပ်ငန်းတစ်ခုဖြစ်ကြောင်းလည်း ဝန်ခံကတိပြုအပ်ပါသည်။

(ဆ) ကျွန်တော်တို့ ကုမ္ပဏီအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ညစ်ညမ်းမှု မဖြစ်ပွားစေရန်အတွက် လိုအပ်သောအစီအမံများ၊ ကြိုတင်ကာကွယ်မှုများ ပြုလုပ် ဆောင်ရွက်ထားမည်ဖြစ်ကြောင်း ဝန်ခံကတိပြုတင်ပြအပ်ပါသည်။

(ဇ) ယခုတင်သွင်းမည့် စက်ပစ္စည်းနှင့်အရန်စက်ပစ္စည်းများသည် အသစ်ဖြစ်ကြောင်း ဝန်ခံ ကတိပြုအပ်ပါသည်။

Kyaw Kyaw (a) Tyon Kyin Chan
Managing Director
THAN LWIN AYE INDUSTRY CO., LTD.

THAN LWIN AYE INDUSTRY COMPANY LIMITED

No. 324, Thanthumar Road, Thuwunna, Thingangyun Township,
Yangon, Myanmar. Tel : 724319

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

ရက်စွဲ။ ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီ လ (၆) ရက်။

အကြောင်းအရာ။ ။ <u>စက်ကိရိယာနှင့် စက်အရန်ပစ္စည်းများ တင်သွင်းခြင်း</u>

၁။ ကျွန်တော်များ "သံလွင်အေးစက်မှုကုမ္ပဏီလီမိတက်" **(THAN LWIN AYE INDUSTRY CO., LTD.)** သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခြင်း ခွင့်ပြုမိန့်ရရှိရန် လျှောက်ထားသောကုမ္ပဏီဖြစ်ပါသည်။

၂။ လုပ်ငန်းဆောင်ရွက်ခွင့်ရရှိပါက လိုအပ်သောစက်ကိရိယာနှင့် စက်အရန်ပစ္စည်းများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ **YUNNAN HONGFENG FRONTIER TRADE GENERAL CO., LTD. (RUILI & THIE DEPARTMENT)**မှ တင်သွင်းရာတွင် မြန်မာနိုင်ငံနယ်စပ်ကုန်သွယ်ရေးစခန်း မူဆယ်လမ်းကြောင်းမှ **CIF VALUE** ဖြင့်လည်းကောင်း၊ ပင်လယ်ရေကြောင်းလမ်း သင်္ဘောမှ **CIF VALUE** ဖြင့်လည်းကောင်း၊ တင်သွင်းခွင့်ပြုပါရန် ရှိသေလေးစားစွာဖြင့် လျှောက်ထားအပ်ပါသည်။

လေးစားစွာဖြင့်

Kyaw Kyaw (a) Tyon Kyin Chan
Managing Director
THAN LWIN AYE INDUSTRY CO., LTD.

THAN LWIN AYE INDUSTRY COMPANY LIMITED

No. 324, Thanthumar Road, Thuwunna, Thingangyun Township,
Yangon, Myanmar. Tel : 724319

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

ရက်စွဲ။ ၂၀၀၁ ခုနှစ်၊ဖေဖော်ဝါရီ လ (၉) ရက်။

အကြောင်းအရာ။ ။ <u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လုပ်ငန်းဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ကတိဝန်ခံချက်ပေးပို့ခြင်း။</u>

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်တို့၏ "သံလွင်အေးစက်မှုကုမ္ပဏီလီမိတက်" **(THAN LWIN AYE INDUSTRY CO., LTD.)** အနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ အအေးခန်းသိုလှောင်ရုံ**(COLD STORAGE)** ကို တည်ဆောက်ပြီး သန့်ရှင်းလတ်ဆတ်သော ငါး၊ ပုစွန်များ ထုတ်လုပ်ရောင်းချသည့်လုပ်ငန်း လုပ်ကိုင်နိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ လျှောက်ထားသောကုမ္ပဏီဖြစ်ပါသည်။ ဤလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင်ပိုင်ဆိုင်သော လုပ်ငန်းဖြစ်ပါသည်။ ဤလုပ်ငန်းတွင် နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှုမရှိပါကြောင်း ဝန်ခံကတိပြုပါသည်။

၂။ ကျွန်တော်တို့ကုမ္ပဏီအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင်လည်း ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပွားစေရန်အတွက် လိုအပ်သောအစီအမံများ၊ မီးဘေးကြိုတင်ကာကွယ်မှုများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပွားစေရန် **WASTE WATER TREATMENT PLANT** တပ်ဆင်အသုံးပြု၍လည်းကောင်း၊ အအေးခန်းအတွက် အမိုးနီးယားဓါတ်ငွေ့ကို အသုံးပြုမည့်အစီအစဉ်ကိုလည်းကောင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

လေးစားစွာဖြင့်

Kyaw Kyaw (a) Tyon Kyin Chan
Managing Director
THAN LWIN AYE INDUSTRY CO., LTD.

THAN LWIN AYE INDUSTRY COMPANY LIMITED

No. 324, Thanthumar Road, Thuwunna, Thingangyun Township,
Yangon, Myanmar. Tel : 724319

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

ရက်စွဲ။ ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီ လ (၆) ရက်။

အကြောင်းအရာ။ ။ <u>**စွန့်ပစ်ရေများ စီးဆင်းမှု အစီအမံအားတင်ပြ အစီရင်ခံခြင်း။**</u>

၁။ ကျွန်တော်များ "သံလွင်အေးစက်မှုကုမ္ပဏီလီမိတက်" **(THAN LWIN AYE INDUSTRY CO., LTD.)** သည် နိုင်ငံသားများဖြင့် အစုရှယ်ယာထည့်ဝင်၍တည်ထောင်ထားပါသည်။ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အစင်ကျေးရွာရှိ၊ မြေကွက်အမှတ်(၁၁၅၇)ပေါ်တွင် သန့်ရှင်းလတ်ဆတ်သော ငါး၊ ပုစွန်များပြုပြင်အေးခဲထုတ်လုပ်သည့် အအေးခန်းစက်ရုံကို ဆောက်လုပ်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လျှောက်ထားသောကုမ္ပဏီဖြစ်ပါသည်။

၂။ အအေးခန်းစက်ရုံ၌ ငါး၊ ပုစွန်များ တစ်နေ့လျှင် ပျမ်းမျှ(၁၀)တန်အား တစ်နေ့လျှင် ရေဂါလံ(၁၂၀၀၀) ခန့်ဖြင့် ဆေးကြောသန့်စင်ရာမှ ထွက်ရှိလာသော စွန့်ပစ်ရေဂါလံ(၁၂၀၀၀)ခန့်ကို (၈)လက်မအကျယ် ရေမြောင်းများမှတဆင့် အနည်စစ်ဇကာသို့ သွယ်တန်းစီးဝင်စေပြီး ၎င်းမှတဆင့် သန့်စင်ရေမြောင်းများရှိ အနည်ထိုင်ကန်များအတွင်းသို့ စီးဝင်အနည်ထိုင်စေပြီး ၎င်းမှတဆင့် **OXIDIZATION TANK** အတွင်းသို့ စီးဝင်စေမည်ဖြစ်ပါသည်။ **OXIDIZATION TANK** အတွင်းမှ ထွက်ရှိလာသောရေများကို ရေစစ်ကန်များ အတွင်းသို့ ထပ်မံစီးဝင်စေပြီး အဆိုပါရေစစ်ကန်မှထွက်ရှိလာသော သန့်စင်ပြီးရေသန့်များကို ကျုံအိပ်ချောင်း အတွင်းသို့ ပို့လွှတ်စီးဆင်းစေမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကျွန်တော်များအအေးခန်းစက်ရုံမှ စွန့်ပစ်ရေများကို အထက်ဖော်ပြပါ အစီအစဉ်များအရ ရေများကိုသန့်စင်စေပြီးမှ စွန့်ပစ်သွားမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအစီရင်ခံအပ်ပါသည်။

လေးစားစွာဖြင့်

Kyaw Kyaw (a) Tyon Kyin Chan
Managing Director
THAN LWIN AYE INDUSTRY CO., LTD.

THAN LWIN AYE INDUSTRY COMPANY LIMITED

No. 324, Thanthumar Road, Thuwunna, Thingangyun Township,
Yangon, Myanmar. Tel : 724319

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

ရက်စွဲ။ ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၆) ရက်။

အကြောင်းအရာ။ **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံကော်မရှင်သို့လုပ်ငန်းဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ကတိခံဝန်ချက်ပေးပို့ခြင်း။**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ကျွန်တော်တို့၏ သံလွင်အေးစက်မှုကုမ္ပဏီလီမိတက်အနေဖြင့်မွန်ပြည်နယ်ရေးမြို့နယ်အစင်ကျေးရွာအနီးမြေဧက(၀. ၃၉)ပေါ်တွင် သန့်ရှင်းလတ်ဆတ်သောငါးပုစွန်များပြုပြင်အေးခဲထုတ်လုပ်ရောင်းချသည့်လုပ်ငန်းဆောင်ရွက်နိုင်ရန်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံကော်မရှင်သို့ခွင့်ပြုမိန့်လျှောက်ထားသောကုမ္ပဏီဖြစ်ပါသည်။

၂။ကျွန်တော်တို့ကုမ္ပဏီအနေဖြင့်ခွင့်ပြုမိန့်ရရှိပြီးပါကလုပ်ငန်းဆောင်ရွက်ရာတွင်စက်ကိရိယာနှင့်စက်အရန်ပစ္စည်းများ၊နိုင်ငံခြားသားပညာရှင်များ၊ကုန်ချောတင်ပို့မှုများနှင့်ပတ်သက်၍လည်းကောင်း၊ငွေစာရင်းဆိုင်ရာများနှင့်ပတ်သက်၍လည်းကောင်း၊သီးခြားထားသိုဆောင်ရွက်လုပ်ကိုင်မည်ဖြစ်ကြောင်းဝန်ခံကတိပြုအပ်ပါသည်။

လေးစားစွာဖြင့်

Kyaw Kyaw (a) Tyon Kyin Chan
Managing Director
THAN LWIN AYE INDUSTRY CO., LTD.

THAN LWIN AYE INDUSTRY COMPANY LIMITED

No. 324, Thanthumar Road, Thuwunna, Thingangyun Township,
Yangon, Myanmar. Tel : 724319

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

ရက်စွဲ။ ၂၀၀၁ခုနှစ်၊ဖေဖော်ဝါရီ လ (၆) ရက်။

အကြောင်းအရာ ။ ။ **မြေကွက်အမှတ်(၁၁၅၇)ပေါ်တွင်အအေးခန်းစက်ရုံတည်ဆောက်မည့်အစီအစဉ် အားတင်ပြခြင်း။**

ကျွန်တော်တို့ **သံလွင်အေးစက်မှုကုမ္ပဏီလီမိတက်** အပိုင် မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အစင်ကျေးရွာ၊မြေကွက် အမှတ် (၁၁၅၇) ပေါ် ရှိ မြေဧက (၀. ၃၉) သည် မြေစာရင်းပုံစံ (၁၀၅) အရ **AB** အလျား(၁၃၇) ပေ၊ **BC** အလျား(၁၂၇)ပေ၊ **CD** အလျား(၁၀၅)ပေ၊ **DA** အလျား (၁၂၇)ပေ အသီးသီးရှိသောစတုဂံပုံ မြေကွက်ဖြစ်ပါသည်။

ယခုဆောက်လုပ်မည့်အအေးခန်းစက်ရုံမှာ အယ်(လ်) ပုံစံအဆောက်အအုံဖြစ်ပါသည်။တဘက်တွင်အလျား (၁၀၀)ပေ၊ အနံ (၃၃)ပေဖြစ်ပြီး အခြားတဘက်မှာ အလျား (၁၀၀)ပေ၊ အနံ (၃၀) ပေရှိသော အဆောက် အအုံဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျုံအိပ်ချောင်းနှင့်ကပ်လျက်ရှိသောကုမ္ပဏီပိုင်မြေကွက်ပိုများတွင် စွန့်ပစ်ရေ အနည်ထိုင်ကန်၊ Oxidization Tank ၊ရေစစ်ကန်များတည်ဆောက်ထားရှိမည်ဖြစ်ပါသည်။ထိုကန်များမှတဆင့် သန့်စင်ပြီးရေ သန့်များကိုကျုံအိပ်ချောင်းအတွင်းသို့ပို့လွှတ်စီးဆင်းစေမည်ဖြစ်ပါသည်။

ကျွန်တော်များအအေးခန်းစက်ရုံကို အထက်ပါအစီအစဉ်များအတိုင်းတည်ဆောက်မည်ဖြစ်ကြောင်းတင်ပြ အစီရင်ခံအပ်ပါသည်။

လေးစားစွာဖြင့်

Kyaw Kyaw (a) Tyon Kyin Chan
Managing Director
THAN LWIN AYE INDUSTRY CO., LTD.

THAN LWIN AYE INDUSTRY COMPANY LIMITED

No. 324, Thanthumar Road, Thuwunna, Thingangyun Township,
Yangon, Myanmar. Tel : 724319

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

ရက်စွဲ။ ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီ လ (၆) ရက်။

အကြောင်းအရာ ။ ။ <u>ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့်နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ တို့အရ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များခံစားခွင့်ပြုပါရန်လျှောက်ထားခြင်း။</u>

ကျွန်တော်တို့ "သံလွင်အေးစက်မှုကုမ္ပဏီလီမိတက်"သည် မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အစင်ကျေးရွာ၊ မြေကွက်အမှတ် (၁၁၅၇)၊ မြေအကျယ် (၀. ၃၉)ဧကရှိ မြေနေရာ ပေါ်တွင် နိုင်ငံတကာ အဆင့်မီ သန့်ရှင်းလတ်ဆတ်သော ငါးပုစွန်များပြုပြင်ထုတ်လုပ်သည့် အအေးခန်းသိုလှောင်ရုံ (Cold Storage)စက်ရုံတည်ဆောက်၍ ထွက်ကုန်ပစ္စည်းများကို နိုင်ငံခြားသို့တင်ပို့ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ခေတ်မီနည်းစနစ်၊ စက်ကရိယာများဖြင့် လုပ်ကိုင်ဆောင်ရွက်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ လုပ်ကိုင်ဆောင်ရွက်ခွင့်၊ ခွင့်ပြုမိန့် လျှောက်ထားပါသည်။

ကျွန်တော်တို့ ကုမ္ပဏီလီမိတက်သည် အအေးခန်းစက်ရုံအတွက်လိုအပ်သော နိုင်ငံတကာ အဆင့်အတန်းမီ စက်ကရိယာများနှင့် စက်ပစ္စည်းများကို ပြည်ပမှ **(Deferred Payment System)** ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ **Yunnan Hongfeng Frontier Trade General Company (Ruili & Thie Department)** မှ အမေရိကန်ဒေါ်လာ (၄၅၀,၀၀၀) တန်ဘိုးကို အတိုးနှုန်း ၃% ဖြင့် (၅) နှစ်အတွင်း ပြန်လည်ပေးဆပ်၍ ရင်းနှီးမြှုပ်နှံမည်ဖြစ်ပါသည်။

ကျွန်တော်တို့လုပ်ငန်းအနေဖြင့် အဆိုပြုလုပ်ငန်းအတွက်စုစုပေါင်းရင်းနှီးငွေ ကျပ်(၃၆. ၇၀)သန်းတန်ဘိုးကို ငွေသား၊ စက်ပစ္စည်းကိရိယာ၊ အဆောက်အဦးများဖြင့် ထည့်ဝင် ရင်းနှီးကြမည်ဖြစ်ပါသည်။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အတွက် အခွန်အခ များရရှိစေရန် အတွက်လည်းကောင်း၊ မြန်မာနိုင်ငံသားအလုပ်သမား (၁၂၀)ယောက်အတွက် အလုပ်အကိုင်အခွင့်အလမ်း များပိုမိုရရှိစေရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း ခေတ်မီစက်ကိရိယာများဖြင့် သန့်ရှင်း လတ်ဆတ်သော ငါးပုစွန်များ ပြုပြင်ထုတ်လုပ်မှု စက်မှုနည်းပညာများတိုးပွားစေရန်၊ နိုင်ငံတော်အတွက်

THAN LWIN AYE INDUSTRY COMPANY LIMITED

No. 324, Thanthumar Road, Thuwunna, Thingangyun Township,
Yangon, Myanmar. Tel : 724319

နိုင်ငံခြားငွေရှာဖွေပေးခြင်းဖြင့် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ကျွန်တော်တို့လျှောက်ထားသည့် သံလွင်အေးစက်မှု ကုမ္ပဏီလီမိတက်ကို ခွင့်ပြုမိန့်ချမှတ်ပေးပါရန်နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ တို့အရ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့် များကိုလည်း ခံစားခွင့်ပြုပါရန် တင်ပြအပ်ပါသည်။ ပြုပြင်ထုတ်လုပ်ပြီး ငါးပုစွန်များအား ပြည်ပသို့ နိုင်ငံခြားငွေဖြင့် ရောင်းချရာတွင် ပထမ(၃)နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် သက်သာခွင့်ပြုရန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသို့ လျှောက်ထားခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လျှောက်လွှာနှင့်အတူ ပူးတွဲပါအထောက်အထား စာရွက်စာတမ်းများကိုပူးတွဲတင်ပြအပ်ပါသည်။

၁။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေဖြင့် လုပ်ကိုင်ဆောင်ရွက်ရန် ကမကထပြုသူ၏လုပ်ငန်းဆောင်ရွက်ရန်အဆိုပြုချက်။
၂။ လုပ်ငန်းပိုင်းနှင့် ငွေရေးကြေးရေးအထောက်အထားများ။
၃။ ကုမ္ပဏီသင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ။
၄။ ဘဏ္ဍာရေးအချက်အလက်များနှင့်ပတ်သက်၍ တွက်ချက်မှုဇယားများ။

ရိုသေလေးစားစွာဖြင့်လျှောက်ထားသူ

အုပ်ချုပ်မှုဒါရိုက်တာ
သံလွင်အေးစက်မှုကုမ္ပဏီလီမိတက်

Kyaw Kyaw (a) Tyon Kyin Chan
Managing Director
THAN LWIN AYE INDUSTRY CO., LTD.

မွန်ပြည်နယ် အေး ချမ်း သာယာ ရေး နှင့် ဖွံ့ဖြိုး ရေး ကောင်စီ
မွန် ပြည် နယ် - မော် လ မြိုင် မြို့
စာအမှတ်၊ ၅၀၀/ ၁-၅၇/ ပ ဖ ၈ (မွန်)
ရက်စွဲ ၊ ၂၀၀၀ပြည့်နှစ်၊ အောက်တိုဘာလ ၂၇ ရက်

သို့

ညွှန်ကြားရေးမှူး
မြန်မာနိုင်ငံရင်း နှီး မြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့
ဝန်ကြီး
မွေး မြူရေး နှင့် ရေလုပ်ငန်း ဝန်ကြီး ဌာန
ရန်ကုန်မြို့

အကြောင်း အရာ။ <u>အအေးခန်း စက်ရုံတည် ဆောက်ခွင့်ပြုပါရန် ထောက်ခံတင်ပြခြင်း</u>
ရည် ညွှန်း ချက်။ သံလွင် အေး စက်မှုကုမ္ပဏီလီမိတက်၊ မော်လမြိုင်အအေး ခန်း - စီးပွားရေးမြို့ (၁၇-၁၀-၂၀၀၀) ရက်စွဲပါစာအမှတ်၊ ဝ၄၉ / သ-လ-အ/ ၂၀၀၀

၁။ သံလွင် အေး စက်မှုကုမ္ပဏီလီမိတက်သည် နိုင်ငံတော်အကျိုးငှာ ငါး ကဏ္ဍ ဖွံ့ဖြိုး တိုးတက်စေရေး အတွက် ငါး ၊ ပုဇွန်များ ကို ဝယ်ယူ ရောင်း ချပြည်ပသို့တင်ပို့ - ရောင်း ချခြင်း ဖြင့် နိုင်ငံခြား ဝင်ငွေများ ရရှိစေပြီး ဒေသဖွံ့ဖြိုး ရေး ကို - အထောက်အကူပြုနေသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

၂။ အဆိုပါကုမ္ပဏီသည် ရေး မြို့နယ်၊ အဝင် ကျေး ရွာ ကွက်(၁) ရက်(၁၁)နံ ကွက် အအေး ခန်း စက်ရုံနှင့် တန် (၅၀) သို လှောင်နိုင် သော စက်ရုံ (၁) ရုံသည် ဆောက် ခွင့်ပြုပါရန်၊ ရည်ညွှန်း ပါစာဖြင့် တင်ပြလာ ပါသည်။

၃။ သို့ဖြစ်ပါ၍ သံလွင် အေး စက်မှုကုမ္ပဏီလီမိတက်သည် နိုင်ငံ ရင်း သား ရင်း နှီး မြှုပ်နှံမှုများ ဖြင့် ဆောင်ရွက်ခြင်း ဖြစ်သဖြင့် ရေး မြို့နယ်၊ အဝင် ကျေး ရွာတွင် - အအေး ခန်း စက်ရုံကို ဆောက်ခွင့်ပြုပေး နိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါသည်။
<u>ရည်ညွှန်း ပါစာမိတ္တူ- တွဲ(၃) ရွက်</u>

၂၇/၁၀

ဥက္ကဋ္ဌ (ကိုယ်စား)
(ဒုတိယဗိုလ်မှူးကြီး ကေါင်ဇော် မော်-အတွင်းရေးမှူး)

မိတ္တူကို

အရှေ့တောင်တိုင်း စစ်ဌာနချုပ်၊ မော်လမြိုင်မြို့

ဥက္ကဋ္ဌ၊ ခရိုင်ငြိမ်းချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
မော်လမြိုင်မြို့

ဥက္ကဋ္ဌ၊ မြို့နယ်ငြိမ်းချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ရေး ကို

ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၊ မော်လမြိုင်မြို့

အုပ်ချုပ်မှုဒါရိုက်တာ၊ သံလွင်ငါးစက်မှုကုမ္ပဏီလီမိတက်၊ မော်လမြိုင်မြို့

မျှောစာတွဲ

ရုံးလက်ခံ

တိကျမှန်မြန်

ရိုးသားကြိုးစားလုပ်အားဖြင့်နိုင်ငံတည်

ဝန်ထမ်းဟူသည်ပါတီနိုင်ငံရေးနှင့်ကင်းရှင်းရမည်

ပုံစံ (မနသ-၁)

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ
ရင်းနှီးမြှုပ်နှံလိုသူ၏ အဆိုပြုချက်
[ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၈]

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

စာအမှတ် ၊

ရက်စွဲ ၊ ၂၀၀၁ခုနှစ်၊ ဖေဖော်ဝါရီ လ (၆) ရက်

ကျွန်တော် / ကျွန်မသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုပါသဖြင့် ခွင့်ပြုမိန့်ထုတ်ပေးပါရန် အောက်ပါအချက်များကိုဖော်ပြ၍ လျှောက်ထားအပ်ပါသည်။

၁။ ရင်းနှီးမြှုပ်နှံလိုသူ၏-

(က)	အမည်	-	ဦးကျော်ကျော် (ခ) တွမ်ကျင်ချန်း
(ခ)	အဖအမည်	-	ဦးတွမ်တူဟူ
(ဂ)	နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ်	-	၉/မနမ (နိုင်) ၀၇၇၉၄၆
(ဃ)	နေရပ်လိပ်စာ	-	အမှတ်(၂၁၇/၂၁၉)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
(င)	လူမျိုး၊ ဘာသာ	-	ကိုးကန့်၊ ဗုဒ္ဓဘာသာ
(စ)	အဖွဲ့အစည်းအမည်	-	THAN LWIN AYE INDUSTRY CO., LTD.
(ဆ)	လုပ်ငန်းအမျိုးအစား	-	အအေးခန်းသိုလှောင်ရုံ
(ဇ)	အဖွဲ့အစည်းတည်ရှိရာအရပ်	-	အမှတ်(၃၂၄)၊ သံသုမာလမ်း၊ သုဝဏ္ဏမြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

၂။ ဖက်စပ်ပြုလုပ်၍ ရင်းနှီးမြှုပ်နှံလိုပါက ဖက်စပ်ပြုလုပ်မည့်သူများ၏

(က) အမည် -

(ခ) အဖအမည် -

(ဂ) နိုင်ငံသား/အမျိုးသား မှတ်ပုံတင်အမှတ် -

(ဃ) နေရပ်လိပ်စာ -

(င) လူမျိုး၊ ဘာသာ -

(စ) အဖွဲ့အစည်းအမည် -

(ဆ) လုပ်ငန်း အမျိုးအစား -

(ဇ) အဖွဲ့အစည်း တည်ရှိရာအရပ် -

၃။ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသည့်လုပ်ငန်းအမျိုးအစား -

(က) ကုန်ထုတ်လုပ်မှုလုပ်ငန်း - အအေးခန်းသိုလှောင်ရုံတည်ဆောက်၍ သန့်ရှင်းလတ်ဆတ်သောငါး၊ ပုစွန်များပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း။

(ခ) ဝန်ဆောင်မှုလုပ်ငန်း -

၄။ လုပ်ကိုင်မည့်စီးပွားရေးပုံစံ -

(က) နိုင်ငံသားနှင့် နိုင်ငံသားတို့က အစုစပ်လုပ်ကိုင်ဆောင်ရွက်ခြင်း - လီမိတက်ကုမ္ပဏီ (နောက်ဆက်တွဲဇယား-၁)

(ခ) အဖွဲ့အစည်းနှင့် နိုင်ငံသားတို့က ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း -

(ဂ) အဖွဲ့အစည်းနှင့်အခြားအဖွဲ့ကအစည်းတို့က ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း -

၅။ ဖွဲ့စည်းထားပြီးဖြစ်သည့် သို့မဟုတ် ဖွဲ့စည်းမည့် စီးပွားရေးအဖွဲ့အစည်း ပုံသဏ္ဍာန် -

(က) တစ်ဦးတည်းပိုင် -

(ခ) ဖက်စပ်/အစုစပ် လုပ်ငန်း -

(ဂ) လီမိတက်ကုမ္ပဏီ - THAN LWIN AYE INDUSTY CO., LTD
နောက်ဆက်တွဲ ဇယား - ၁

(ဃ) သမဝါယမအသင်း -

၆။ ဖက်စပ်/အစုစပ်လုပ်ငန်းဖြစ်ပါက-

(က) အစုစပ်တို့က ထည့်ဝင်မည့် အစုငွေအမျိုးအစားနှင့် ပမာဏ -

(ခ) အကျိုးအမြတ်ခွဲဝေမည့်အမျိုးအစား -

(ဂ) အစုဝင်များ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ -

၇။ သမဝါယမအသင်း/လီမိတက် ကုမ္ပဏီဖြစ်ပါက -

(က) ခွင့်ပြုမတည်ငွေရင်း - ကျပ်၃၀၀,၀၀၀,၀၀၀ (ကျပ် သန်းသုံးရာတိတိ)

(ခ) အစုရှယ်ယာအမျိုးအစား - တစ်စုလျှင်ကျပ်၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ) တန် အစုရှယ်ယာ ၃၀၀၀၀ (သုံးသောင်း)

(ဂ) အစုရှယ်ယာဝင်များက ထည့်ဝင်မည့် အစုရှယ်ယာပမာဏ - ၃၄၀၀ (သုံးထောင့် လေးရာစုတိတိ)

၈။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့် အဖွဲ့အစည်းနှင့်သက်ဆိုင်သော အချက်အလက်များ-

(က) မတည်ငွေရင်းပမာဏ (ယခုအဆိုပြုလုပ်ငန်းအတွက်) (ကျပ်)

(၁)	ငွေပမာဏ	-	၁၅၀၀၀၀၀၀
(၂)	အဆောက်အအုံ (နောက်ဆက်တွဲဇယား ၂)	-	၁၉၀၀၀၀၀၀
(၃)	မြေ	-	-
(၄)	စက်ပစ္စည်းကိရိယာများ (နောက်ဆက်တွဲဇယား ၃)	-	၂၇၀၀၀၀၀

စုစုပေါင်းထည့်ဝင်ငွေ ၃၆၇၀၀၀၀၀

စက်ပစ္စည်းကိရိယာများနှင့် ဆောက်လုပ်ရေးပစ္စည်းများကို YUNNAN HONGFENG FRONTIER TRADE GENERAL COMPANY (RUILI & THIE DEPARTMENT) မှ ရွှေ့ဆိုင်းပေးချေစနစ်ဖြင့် (၅) နှစ်အတွင်း ပြန်ဆပ်၍ တစ်နှစ်လျှင် အတိုးနှုန်း (၃) ရာခိုင်နှုန်းဖြင့် ဝယ်ယူပါမည်။ ယင်းစာချုပ်ကို ပူးတွဲတင်ပြပါ သည်။

			ကျပ်	အမေရိကန်ဒေါ်လာ
(ခ)	နိုင်ငံခြားမှ တင်သွင်းရန် လိုအပ်သည့်			
	(၁) စက်ပစ္စည်းများ၊ စက်ကိရိယာများတန်ဘိုး (နောက်ဆက်တွဲဇယား - ၃)	-	၂၇၀၀၀၀၀	၄၅၀၀၀၀
	(၂) ဆောက်လုပ်ရေးပစ္စည်းတန်ဘိုး	-		
	(၃) ကျွမ်းကျင်မှုနည်းပညာရပ်များ၏ တန်ဖိုးပမာဏ	-		

(ဂ) တည်ဆောက်မှုကာလ - (၁) နှစ်

(ဃ) ပဏာမ စူးစမ်းလေ့လာမှု ပြုလုပ်မည့်ကာလ - (၁) လ

(င) တည်ဆောက်မှု စတင်မည့်အချိန် - မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ရသည့်နေ့မှ စတင်အကောင်အထည်ဖော်မည် ဖြစ်ပါသည်။

၉။ ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သောအချက်အလက်များ-

(က) လုပ်ငန်းအမျိုးအစား - အအေးခန်း သိုလှောင်ရုံတည်ဆောက်၍ သန့်ရှင်း လတ်ဆတ်သော ငါး၊ ပုစွန်များပြုပြင် ထုတ်လုပ်ခြင်း။

(ခ) ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်ဒေသများ - မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အစင်ကျေးရွာ မြေကွက်အမှတ်(၁၁၅၇)

(ဂ) ဆောင်ရွက်ပုံနည်းစနစ် - ခေတ်မီကျွမ်းကျင်ထုတ်လုပ်မှုနည်းစနစ်

(ဃ) နှစ်စဉ် စက်သုံးဆီလိုအပ်ချက် -

အမျိုးအစား		**အရေအတွက်**
၁။ ဒီဇယ်ဆီ	-	ဂါလံ (၂၄၀၀၀၀)
၂။ ဓါတ်ဆီ	-	ဂါလံ (၂၄၀၀)
၃။ စက်ဆီ၊ချောဆီ	-	ဂါလံ (၉၀၀)

(င) နှစ်စဉ် လျှပ်စစ်ဓာတ်အားလိုအပ်ချက် -

အားအသုံးပြုမှု		မြင်းကောင်ရေ
၁။ လျှပ်စစ်ဓာတ်အား	-	၁၅၀၀ ကီလိုဝပ်
၂။ ဒီဇယ်ဆီအင်ဂျင်စက်အင်အား	-	
၃။ ဘွိုင်လာအသုံးပြု အင်ဂျင်စက်အား	-	
၄။ သဘာဝဓာတ်ငွေ့သုံးစက်အား	-	
၅။ ပေးပို့သည့်အခြားအား (ရေအား/လေအား စသည်များ)	-	

(စ) နှစ်စဉ် ရေလိုအပ်ချက်

၁။ တစ်နေ့ရေလိုအပ်ချက်	-	ဂါလံ (၁၂၀၀၀)
၂။ တစ်နှစ်ရေလိုအပ်ချက်	-	ဂါလံ (၃၆၀၀၀၀၀)

(ဆ) နှစ်စဉ် လုပ်ငန်းသုံးပစ္စည်း/ ကုန်ကြမ်းလိုအပ်ချက်	-	နောက်ဆက်တွဲဇယား (၄)
(ဇ) အဆောက်အအုံလိုအပ်ချက်	-	နောက်ဆက်တွဲဇယား (၂)
(ဈ) မြေနေရာအမျိုးအစားနှင့် အကျယ်အဝန်း လိုအပ်ချက်	-	ပုဂ္ဂလိကပိုင်မြေ ၀.၃၉ ဧက
(ည) ခန့်မှန်းထုတ်လုပ်မည့် ကုန်ပစ္စည်း/ဝန်ဆောင်မှု	-	နောက်ဆက်တွဲဇယား (၅)
(ဋ) ရောင်းချမည့်နည်းစနစ်	-	ပြည်ပသို့တင်ပို့ရောင်းချခြင်း ၁၀၀% ပြည်တွင်းကျပ်ငွေဖြင့် ရောင်းချခြင်း ၀%

၁၀။ နှစ်စဉ် ကုန်ထုတ်လုပ်မှု/ဝန်ဆောင်မှုနှင့် စပ်လျဉ်းသောအချက်အလက်များ-

(က) လုပ်ငန်းလည်ပတ်ရန်လိုအပ်မည့်ကျပ်ငွေ	-	နောက်ဆက်တွဲ ဇယား - ၆
(ခ) လိုအပ်မည့် နိုင်ငံခြားသုံးငွေ	-	နောက်ဆက်တွဲ ဇယား - ၈
(ဂ) ရရှိမည့် နိုင်ငံခြားသုံး ငွေပမာဏ	-	နောက်ဆက်တွဲ ဇယား - ၅
(ဃ) ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည့် ကုန်ပစ္စည်း/ဝန်ဆောင်မှု တန်ဖိုးပမာဏ	-	နောက်ဆက်တွဲ ဇယား - ၅
(င) နှစ်စဉ် ပြည်တွင်း၌ ရောင်းချနိုင်မည့် ကုန်ပစ္စည်း/ဝန်ဆောင်မှု တန်ဖိုးပမာဏ	-	နောက်ဆက်တွဲ ဇယား - ၅

၁၁။ ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းတွင် လိုအပ်မည့် အမှုထမ်းများစာရင်း -

(က) ပြည်တွင်းမှ လိုအပ်မည့် အမှုထမ်းများ	-	နောက်ဆက်တွဲ ဇယား - ၇
(ခ) နိုင်ငံခြားမှ လိုအပ်မည့် ကျွမ်းကျင်သူနှင့် အတတ်ပညာရှင်များ	-	နောက်ဆက်တွဲ ဇယား - ၇

၁၂။ စီးပွားရေးတွက်ခြေကိုက်မှုနှင့် စပ်လျဉ်းသော အချက်အလက်များ -

(က)	နှစ်စဉ် ဝင်ငွေရရှိမှု	-	နောက်ဆက်တွဲ ဇယား - ၈
(ခ)	နှစ်စဉ် လုပ်ငန်းကုန်ကျစရိတ်	-	နောက်ဆက်တွဲ ဇယား - ၈
(ဂ)	နှစ်စဉ် အသားတင်အမြတ်	-	နောက်ဆက်တွဲ ဇယား - ၈
(ဃ)	နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှု	-	နောက်ဆက်တွဲ ဇယား - ၉
(င)	အရင်းကျေကာလ	-	နောက်ဆက်တွဲ ဇယား - ၁၀
(စ)	အခြား အကျိုးအမြတ်များ	-	နောက်ဆက်တွဲ ဇယား - ၁၁
(ဆ)	အလုပ်အကိုင်သစ်များပေါ်ပေါက်လာမည့် အခြေအနေ	-	နောက်ဆက်တွဲ ဇယား - ၇

